CHIN NATIONAL FRONT

General Headquarters, Chinland.

# (၁၈) နှစ်မြောက်ချင်းတော်လှန်ရေးနေ့ထုတ်ပြန်ကြေညာချက်

၁။ ၂၀၀၆ခုနှစ်၊မတ်လ(၂၀)ရက်နေ့တွင်ကျရောက်သည့်(၁၈)နှစ်မြောက်ချင်းတော်လှန်ရေးနေ့သည် မြန်မာနိုင်ငံတွင်မဟာလူမျိုးကြီးဝါဒနှင့် စစ်အာဏာရှင်စနစ်ကိုချုပ်ငြိမ်းစေပြီး ချင်းအမျိုးသားတို့အနေဖြင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်ပြန်လည်ရရှိရေး၊ ဒီမိုကရေစီထွန်းကားရေးနှင့်အမျိုးသားတန်းတူမှုကို အခြေခံသောပြည်နယ်ပေါင်းစုဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးတို့အတွက် စတင်တိုက်ပွဲဝင်ခဲ့သည့် နေ့ထူးနေ့မြတ်အခါသမယပင်ဖြစ်သည်။

၂။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေးအရင်းခံပြသနာသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တန်းတူညီမျှမှုမရှိခြင်းနှင့်ဒီမိုကရေစီဆိတ်သုန်းနေသည့်ပြသနာဖြစ်သဖြင့်ယင်းပြသနာအားဖြေရှင်းရာ တွင် တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဖြင့်သာပြေလည်ဖြေရှင်းနိုင်မည်ဟုအခိုင်အမာယုံကြည်သည်။ ထိုသို့ယုံကြည်သည့်အလျောက် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးခြင်းသည်သာလျှင် မြန်မာ့နိုင်ငံရေးပြသာနာကို ဖြေရှင်းရာ၌အသင့်တော်ဆုံးနှင့်အမှန်ကန်ဆုံးနည်းလမ်းဖြစ်သည်ဟုချင်းအမျိုးသားတပ်ဦးအနေဖြင့်အခိုင်အမာယုံကြည်ယူဆသည်။ထို့ကြောင့်အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် မြန်မာ့နိုင်ငံရေးပြသနာအား အမြန်ဆုံး ဖြေရှင်းနိုင်ရေးအတွက်စစ်အစိုးရ၊ဒီမိုကရေစီအင်အားစုများနှင့်တိုင်းရင်းသားလူမျိုးစုများသုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးနိုင်ရန်စစ်အစိုးရအနေဖြင့်အမြန်ဆုံးစီစဉ်ဆောင်ရွက်အကောင်အထည်ဖော်ရန်အထူးလိုအပ်နေပေသည်။

၃။ ချင်းအမျိုးသားများနှင့် ချင်းပြည်သူများ၏ စည်းလုံးညီညွှတ်မှုသည် ယနေ့ဆင်နွဲနေသော အမျိုးသားခုခံတော်လှန်စစ်ပွဲ၏အင်အားများဖြစ်သည်ဟုခံယူသည်။ စစ်အာဏာရှင်စနစ်နှင့်မဟာလူမျိုးကြီးဝါဒကိုတမျိုးသားလုံးပါဝင်၍တိုက်ထုတ်ချေမှုန်းကြမှသာလျှင်လျင်မြန်စွာအောင်ပွဲသို့အရောက်လှမ်းနိုင်ကြမည်ဖြစ်သည်။ ထို့ကြောင့်ပြည်တွင်း၊ပြည်ပရှိ ချင်းပြည်သူများနှင့်ချင်းအမျိုးသားများအနေဖြင့် အမျိုးသားရေးနှင့် ဒီမိုကရေစီရေးလှုပ်ရှားမှုများတွင်တက်တက်ကြွကြွကျရာအခန်းကဏ္ဍမှပါဝင်ဆင်နွှဲကြပါရန်တိုက်တွန်းလိုပေသည်။

၄။ ယနေ့အချိန်အခါသည်ပြည်တွင်း၌တိုင်းရင်းသားပြည်သူများ၏ ကြံ့ကြံ့ခံရပ်တည်လှုပ်ရှားမှုကြောင့်သော်၎င်း၊ နိုင်ငံတကာ၌ဒီမိုကရေစီနှင့်လူ့အခွင့်အရေးကိုလေးစားသည့်နိုင်ငံများမှသံတမန်ရေး၊စီးပွားရေးပိတ်ဆို့အရေးယူမှုများကြောင့်သော်၎င်း စစ်အစိုးရအနေဖြင့် အကြပ်အတည်းပေါင်းစုံနှင့် ရင်ဆိုင်နေရသည့် အချိန်အခါဖြစ်သည်။သို့သော်စစ်အစိုးရအနေဖြင့် စစ်အာဏာရှင်စနစ် ဆက်လက်ရပ်တည်ရှင်သန်နိုင်ရေး အတွက်ဖြစ်ပေါ်လာမည့်အကျိုးဆက်မှန်သမျှ ရင်ဆိုင်ရန်ပြင်ဆင်လျှက် ၄င်း၏နိုင်ငံရေးလမ်းပြမြေပုံအတိုင်း ဆက်လက်လုပ်ဆောင်လျက်ရှိနေပေသည်။ထို့ကြောင့်တိုင်းရင်းသားပြည်သူများအနေဖြင့်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်တိုင်းရင်းသားနိုင်ငံရေးပါတီများအပါအဝင်အမျိုးသားရေး၊ဒီမိုကရေစီရေးလှုပ်ရှားလျက်ရှိသည့်အင်အားစုများနှင့်အတူလက်တွဲကာ နိုင်ငံတကာ၏သံတမန်ရေး၊ စီးပွားရေးပိတ်ဆို့အရေးယူမှုများနှင့် ဆက်စပ်လျက်ပြည်တွင်းပြည်ပ လှုပ်ရှားမှုများတွင် ရဲရဲဝံ့ဝံ့ပါဝင်ဆင်နွဲခြင်းအားဖြင့် စစ်မှန်သည့်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆီသို့ချီတက်ကြပါရန် တိုက်တွန်းလိုပေသည်။

၅။ မကြာမီကျင်းပမည့် ချင်းအမျိုးသားညီလာခံ **(Chin National Assembly)** သည် ချင်းနိုင်ငံရေးအဖွဲ့အစည်းများ၊တတ်သိပညာရှင်များနှင့်လူမှုအဖွဲ့အစည်းများအနေဖြင့်အမျိုးသားရေး နှင့် ဒီမိုကရေစီရေးလှုပ်ရှားမှုများပြုလုပ်ကြရာတွင်ပိုမိုစုစည်းညီညွှတ်မှုကို ဖြစ်ပေါ်လာစေမည့်အပြင် ထိရောက်သောနိုင်ငံရေး

တိုက်ပွဲလုပ်ငန်းစဉ်များပါချမှတ်နိုင်ကြလိမ့်မည်ဟုယုံကြည်သည်။ ထို့အပြင်ချင်းအမျိုးသားတို့၏အမျိုးသားရေးဆိုင်ရာ အရေးပါသည့် ကိစ္စရပ်များကိုပါ ဆွေးနွေးဆုံးဖြတ်ကြမည်ဖြစ်ရာ ချင်းအမျိုးသားညီလာခံအား ချင်းတမျိုးသားလုံးမှဝိုင်းဝန်းထောက်ခံကြရန်နှင့်ပါဝင်တက်ရောက်ကြပါရန်တိုက်တွန်းလိုက်ရပေသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မီတီ
ချင်းအမျိုးသားတပ်ဦး

၂၀၀၆ခုနှစ်၊မတ်လ (၂၀)ရက်နေ့